Generated by CamScanner from intsig.com

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လူထုဗဟိုပြု စီမံကိန်း

လူထုဗဟိုပြုစီမံကိန်း
(တတိယနှစ်စက်ဝန်း)

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan

ဒူရီတောင်ကျေးရွာ၊ ဒူရီတောင်ကျေးရွာအုပ်စု
ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်


၂၀၁၈ ခုနှစ်၊ မတ်လ

# ပလက်ဝမြို့နယ်အညွှန်းပြမြေပုံ



## အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အတွင်းအထက်ကုလားတန်ဒေသတွင် တည်ရှိပြီး တရွာတည်း တစ်အုပ်စု ဖြင့် သာ ရပ်တည်လျက်ရှိသော နူရိတောင်အုပ်စု၊ နူရိတောင်ကျေးရွာ ~~မှ~~ ပင်ဖြစ်သည်။


ဆန်စက်
ဆန်စက်
စာသင်ကျောင်း
ဘုရားကျောင်း
ဆေးပေးခန်း
ဆန်စက်
လူနေအိမ်

# ဇူရိတောင်ကျေးရွာ အရင်းအမြစ်မြေပုံ

## (သုံးသပ်ချက်)

ပလက်ဝမြို့နယ်၊ ဇူရိတောင်အုပ်စု သည် - ကုလက်ချောင်း၏ အရှေ့ဘက်တွင်တည်ရှိသည်။ ဇူရိတောင်ကျေးရွာ၏ အရှေ့ဘက်တွင် ပဏ္ဏလိုတောင် ရွာဟောင်း၊ အနောက်ဘက်တွင် ရွှေလိုင်ပြင်ကျေးရွာသို့ သွားလမ်း၊ မြောက်ဘက်တွင် ရှင်းလက်ဝ သို့ သွားလမ်း၊ တောင်ဘက်တွင် တောတောင်များ ရှိသည်။ ဇူရိတောင် ကျေးရွာတွင် ခူမီးလူမျိုးများ၊ အများဆုံး နေထိုင်ကြပြီး ခရစ်ယာန်ဘာသာကိုကိုးကွယ်ကြသည်။ ကျောင်းဆရာ၊ မ (၃) ဦး ရှိပြီး (၂) ဦး မှာ ဗုဒ္ဓဘာသာ - ကိုးကွယ်ပြီး၊ ဆရာမ (၁) ဦး မှာ ခရစ်ယာန်ဘာသာ ကိုးကွယ်သည်။ ကျေးရွာတွင် ယခုနှစ်တွင် အိမ်ခြေစုစုပေါင်း (၂၈) အိမ်စုပေါင်း နေထိုင်ကြပြီး၊ လူဦးရေမှာ - ကျား ( ) မ ( ) စုစုပေါင်း ( ) ဦး နေထိုင်ကြပါသည်။

ရွာ၏ အရင်းအမြစ်များမှာ - ရွာလယ်လမ်း၊ ဘုရားကျောင်း၊ စာသင်ကျောင်း၊ ရွာလယ်ဇရပ်၊ ရေလှောင်ကန်၊ ရေလှောင်ပုံးကြီးများ၊ ဆေးပေးခန်း၊ များရှိသည်ကိုတွေ့ရသည်။ ဇူရိတောင် ကျေးရွာ၏ - အဓိက - လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အတွက် ရွာနှင့် ဆက်သွယ်ရသည်မှာ ရွှေလိုင်ပြင်ကျေးရွာ ဖြစ်ပြီး - ဇူရိတောင် ကျေးရွာနှင့် ရွှေလိုင်ပြင်ကျေးရွာ၏ ကျေးရွာသွင်းဆက် ဖြေ သွားလမ်း ဖောက်လုပ်ရန် လိုအပ် ကြောင်း ပြုစုသုံးသပ်ပါသည်။

ပြုစုသုံးသပ်သူ -

ဦးဇော်လင်း ၄

ဇူရိတောင်

Generated by CamScanner from intsig.com

# ဒူရီတောင်ကျေးရွာအုပ်စု၊ ဒူရီတောင်ကျေးရွာ

## (သမိုင်းအကျဉ်း)

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဒူရီတောင်ကျေးရွာအုပ်စုသည်၊ လွန်ခဲ့သော၊ နှစ်ပေါင်း (၁၀၀) တစ်ရာကျော်လောက်က ဦးနှင်းလတ်ဆိုသူက စတင်တည်ထောင်ခဲ့ပါသည်။ အယင်တုန်းကဆိုပါလျှင် ဒူရီတောင်၊ ပက္ကလိုတောင်၊ ရွှေလိုင်တောင်၊ ဆိုပြီး ကျေးရွာ (၃) ရွာဖြင့် စုပေါင်းတည်ထောင်ပြီး နေခဲ့ကြသော၊ အုပ်စုဖြစ်သည်။ ၎င်းကျေးရွာများသည် လွန်ခဲ့သော (၇-၈) နှစ်လောက်က အခြေအနေအမျိုးမျိုးကြောင့် ပက္ကလိုတောင်နှင့် ရွှေလိုင်တောင်ကျေးရွာ (၂) ရွာမှာ တခြားကျေးရွာများသို့ ပြောင်းရွှေ့သွားကာ ရွာပျက်ခဲ့သည်။ ယင်းကြောင့်ပင် ဒူရီတောင်ကျေးရွာ (၁) ရွာတည်းသာ တည်ရှိလျက်နေထိုင်ကြခြင်းဖြစ်သည်။ (၁၉၆၁) ခုနှစ်တွင် အစိုးရမူလတန်းစာသင်ကျောင်းကိုရရှိခဲ့သည်။ ၎င်းအချိန်တွင် မရာလူမျိုးစုများသာနေထိုင်ကြပြီး (၁၉၉၉) ခုနှစ်တွင်မှ မရာလူမျိုးစုများမှာ အကြောင်းအမျိုးမျိုးကြောင့် တခြားကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ကြပြီး ယခုအခါတွင် ခူမီးလူမျိုးစုများ အိမ်ခြေ (    ) သာရှိပါသည်။ ဒူရီတောင် ရွာသူ/သားများ၏ သောက်သုံးရေအတွက် ရေလှောင်ကန်ကို ရွာသူ/သားများ ကိုယ်တိုင်/ကိုယ်ထ ဆောက်လုပ်ပြီး (၂၀၁၅) ခုနှစ်တွင် ပြည်နယ်ဝန်ကြီး ဦးကျော်မြင့်မှ ရေပိုက်ကို ပံ့ပိုးကူညီခဲ့ပါသည်။ ၎င်းရေလှောင်ကန် (၁) ခုဖြင့် သောက်သုံးရေမလုံလောက်ကြသောကြောင့် ယခု လူထုဗဟိုပြုစီမံကိန်းမှ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းလုပ်ဆောင်ကြပါသည်။ ဒူရီတောင်ကျေးရွာအတွင်း နေထိုင်ကြသော ခူမီးလူမျိုးနွယ်စုများမှာ ခရစ်ယာန်ဘာသာကို ယုံကြည်ကိုးကွယ်နေထိုင်လျက်ရှိကြောင်း ကျေးရွာအုပ်စုသမိုင်းကို မှတ်မိသလောက် အကျဉ်းအားဖြင့် ရေးသားပြုစုလိုက်ပါသည်။

(signature)
ဦးအောင်ဇွဲ

# လူမှုအဆင့်စစ်ခြင်း အကျဉ်းချုပ်ပြဇယား

ရက်စွဲ - ၉ / ၄ / ၂၀၁၈

အုပ်စု/ကျေးရွာ - ဒူရီတောင် / ဒူရီတောင်.

တက်ရောက်သူဦးရေ - ကျား (၁၉) မ (၁၁) ပေါင်း (၃၀)

ဒူရီတောင်ကျေးရွာ လူမှုအဆင့်စစ်ခြင်း လုပ်ငန်းစဉ်အား -

| | |
|---|---|
| ၁ | ကျေးရွာလူမှုရေး အရင်းအမြစ်ပြမြေပုံ |
| ၂ | ဥစ္စာဓန ပိုင်ဆိုင်မှု ပြဇယား |
| ၃ | ရာသီခွင် ပြပြက္ခဒိန် |
| ၄ | ပင့်ကူအိမ် |
| ၅ | ဗင်းကားချပ် - (အဖွဲ့အစည်းများချိတ်ဆက်မှု ပြဇယား၊ |

များအသုံးပြုကာ လုပ်ဆောင်ခဲ့ပါသည်။ လူထုစည်းရုံးရေးမှူး နှင့် လက်/ထောက် နည်းပညာ မှူးတို့မှ လုပ်ငန်းစဉ်တခုချင်းစီကို ကျေးရွာလူထုအား ရှင်းလင်း ပြောကြားကာ၊ ကျေးရွာကော်မတီဝင်၊ ဆပ်ကော်မတီဝင် များက ဦးဆောင်၍ ကျေးရွာသူ/သား များ နှင့် ဆွေးနွေးကာ ပြုလုပ်ခဲ့ကြသည်များကို အကျဉ်းချုပ်ဖော်ပြလိုက်ပါသည်။



Generated by CamScanner from intsig.com

Generated by CamScanner from intsig.com

# ဒူရိတောင်ကျေးရွာ အရင်းအမြစ်-

| | |
|---|---|
| ၁ | ဘုရားကျောင်း |
| ၂ | ရေလှောင်ကန် |
| ၃ | ရေ |
| ၄ | ရွာလယ်ဇရပ် |
| ၅ | လမ်းမကြီး |
| ၆ | စာသင်ကျောင်း |
| ၇ | ဆန်စက် |
| ၈ | ဈေးဆိုင် |
| ၉ | ဆေးပေးခန်း |
| ၁၀ | တောင်ယာ- |
| ၁၁ | ချောင်း |
| ၁၂ | စက်လှေ |
| ၁၃ | တောတောင်. |
| ၁၄. | ဝါး/သစ်-တော- |

# ဒူရိုတောင်ကျေးရွာ အရင်းအမြစ် ထိန်းချုပ်မှု

| | အမျိုးသား | | အမျိုးသမီး | | အမျိုးသား + အမျိုးသမီး |
|---|---|---|---|---|---|
| ၁ | ဆန်စက် | ၁ | ထင်းခုတ်ခြင်း | ၁ | ရေလှောင်ကန် |
| ၂ | တောင်ယာခုတ်ခြင်း | ၂ | အိမ်တွင်းမှု | ၂ | ဘုရားကျောင်း |
| ၃ | နှမ်းခင်း ခုတ်ခြင်း | ၃ | ကလေးများပြုစုခြင်း | ၃ | ရေ |
| ၄ | ချောင်း | ၄ | ကောက်စိုက်ခြင်း | ၅ | လမ်းမကြီး |
| ၅ | ဝါးခုတ်ခြင်း၊ | ၅ | ရေခပ်ခြင်း | ၆ | တောတောင် |
| ၆ | သစ်ထိုးခြင်း | ၆ | ဟင်းခူး / ဟင်းရှာခြင်း | ၇ | ဈေးဆိုင် |
| ၇ | ကွန်ပိုက်ခြင်း | ၇ | အရက်ချက်ခြင်း | ၈ | လမ်းမကြီး |
| ၈ | ငါးရှာခြင်း၊ | ၈ | မိုင်းငင်ခြင်း | ၉ | စာသင်ကျောင်း |
| | | | | ၁၀ | ပေါင်းသင်ခြင်း |
| | | | | ၁၁ | ပေါင်းရှင်းခြင်း |
| | | | | ၁၂ | နှမ်းခုတ်ခြင်း |
| | | | | ၁၃ | နှမ်းခါခြင်း၊ |
| | | | | | |
| | | | | | |



Generated by CamScanner from intsig.com

Generated by CamScanner from intsig.com

# အရင်းအမြစ်ထိန်းချုပ်မှု သုံးသပ်ချက်

(ဒူရိတောင်ကျေးရွာ)

ဒူရိတောင်ကျေးရွာ၏ အရင်းအမြစ်ထိန်းချုပ်မှုအား သုံးသပ်မည်ဆိုပါက ဘုရားကျောင်းသွားခြင်းကို အမျိုးသား/အမျိုးသမီး အားလုံး အတူတူ သွားရောက်ကြသည်။ စပါးသယ်ခြင်း၊ ပေါင်းရှင်းခြင်း၊ နှမ်းခုတ်ခြင်း၊ နှမ်းခါခြင်း၊ များဆောင်ရွက်ရာတွင် အမျိုးသား/ အမျိုးသမီးများ အတူတူပင် လုပ်ကိုင်ဆောင်ရွက်ကြသည်။

ထင်းခုတ်ခြင်း၊ အိမ်တွင်းမှုကိစ္စ၊ ကလေးနှင့် သက်ကြီးရွယ်အိုမိဘ များအားပြုစုခြင်း၊ ရေခပ်ခြင်း၊ ဟင်းချက်ခြင်းတို့ကို အများအားဖြင့် အမျိုးသမီးများ လုပ်ဆောင်ကြသည်။

စပါးကြိတ်ခြင်း၊ စက်လှေမောင်းခြင်း၊ တောင်ယာခုတ်ခြင်း၊ ဝါးခုတ်ခြင်း၊ သစ်ထိုးလွှဲခြင်းလုပ်ငန်းများအား အမျိုးသားများက လုပ်ကိုင်ဆောင်မှု များပြားကြသည်။ အမျိုးသမီးများမှာလည်း အမျိုးသားများနှင့် အတူတကွ ပါဝင်လုပ်ဆောင်ကြသည်။ ဒူရိတောင်ကျေးရွာ၏ အရင်းအမြစ်ထိန်းချုပ်မှုအား အမျိုးသမီး/အမျိုးသားများမှာ သူ့လုပ်၊ ကိုယ့်လုပ် မခွဲခြားဘဲ လုပ်ကိုင်ဆောင်ရွက်ကြသည်ဟု အကျဉ်းအားဖြင့် သုံးသပ်ပါသည်။

Generated by CamScanner from intsig.com

## ဒူရိတောင်ကျေးရွာအုပ်စု၊ ဒူရိတောင်ကျေးရွာ၊

### ဥစ္စာစုကြွယ်ဝမှုပြဇယား

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | သစ်သယ်တိုင်၊ဝါးထရံသွပ်မိုးအိမ်၊ နွား၊ ဆန်စက်၊တောင်ယာ၊ ဝက်၊ ကြက်၊ ဝမ်းစာဖူလုံမှုရှိ၊ | ၄ | |
| အလယ်/အလတ် | သစ်သယ်တိုင်၊ ဝါးထရံ၊ သက်ကယ်မိုးအိမ်၊ တောင်ယာ၊ ဝက်၊ ကြက်၊ ဝမ်းစာဖူလုံမှု (၈) လစာသာရှိ၊ | ၁၀ | |
| ဆင်းရဲ | ဝါးအိမ်-ဝါးရွက်မိုး၊ တောင်ယာ၊ ဝက်၊ ကြက်. | ၁၀ | |
| | | | |

# ဒူရိတောင်ကျေးရွာ ဥစ္စာဓနကြွယ်ဝမှုပြဇယား

## (သုံးသပ်ချက်)

ဒူရိတောင်ကျေးရွာအုပ်စု၊ ဒူရိတောင်ကျေးရွာတွင် အိမ်ခြေ (၂၆) အိမ်ရှိသည့်အနက် ချမ်းသာသူမှာ (၆) အိမ် အလယ်အလတ်မှာ (၁၀) အိမ် ဆင်းရဲသူမှာ (၁၀) အိမ် စုပေါင်းနေထိုင်ကြသည်။ ချမ်းသာသူများမှာ ဆန်စက်၊ သစ်သည်တိုင်သွပ်မိုးအိမ်၊ နွား၊ ဝက်၊ ကြက်၊ တောင်ယာ ဝမ်းစာဖူလုံမှုရှိသည်။ အလယ်အလတ်တန်းစားများမှာ သစ်သည်တိုင် ဓနိရွက်မိုးအိမ်၊ တောင်ယာ၊ ဝက်ကြက် များအသင့်အတင့် ပိုင်ဆိုင်ကြပြီး၊ ဝမ်းစာဖူလုံမှုမှာ (၈) လစာလောက်သာရှိပြီး၊ ဆင်းရဲသား (၁၀) အိမ်မှာ နေ့လုပ်နေ့စား၊ ကျပန်းလုပ်ကိုင်စားသောက်ကြသူများဖြစ်ပြီး၊ ပိုင်ဆိုင်မှုများမှာ ဓနိအိမ်-ဓနိရွက်မိုး၊ ဓနိထရံကာအိမ်၊ တောင်ယာ၊ ဝက်၊ ကြက် အနည်းငယ်ပိုင်ဆိုင်ကြသည်။ ဝမ်းစာဖူလုံမှုမရှိ၍ တခြားရွာနီးစပ်ရာ ကျေးရွာများသို့၊ အငှားလိုက်၊ ရရာအလုပ် လုပ်ကိုင်စားသောက်ကြသည်။

ဝက်၊ ကြက်၊ တောင်ယာများ ဆင်းရဲ-ချမ်းသာ-အလယ်အလတ်- အားလုံးလိုလိုပင်မွေးမြူ အနည်းအများ တပိုင်တနိုင် မိမိအိမ်သုံး အဖြစ်မွေးမြူကြသည်ဟုပင် သုံးသပ်ပါသည်။



Generated by CamScanner from intsig.com

## ဒူရီတောင်ကျေးရွာ ဥစ္စာဓနကြွယ်ဝမှုပြဇယား


## (သုံးသပ်ချက်)

ဒူရီတောင်ကျေးရွာအုပ်စု၊ ဒူရီတောင်ကျေးရွာ တွင် အိမ်ခြေ (၂၆) အိမ်ရှိသည့်အနက် ချမ်းသာသူမှာ (၆) အိမ်၊ အလယ်အလတ်မှာ (၁၀) အိမ် ဆင်းရဲသူမှာ (၁၀) အိမ် စုပေါင်းနေထိုင်ကြသည်။ ချမ်းသာသူများမှာ ဆန်စက်၊ သစ်သည်တိုင်သွပ်မိုးအိမ်၊ နွား၊ ဝက်၊ ကြက်၊ တောင်ယာ၊ ဝမ်းစာဖူလုံမှုရှိသည်။ အလယ်အလတ်တန်းစားများမှာ သစ်သည်တိုင် ဝါးရွက်မိုးအိမ်၊ တောင်ယာ၊ ဝက်ကြက် များအသင့်အတင့် ပိုင်ဆိုင်ကြပြီး၊ ဝမ်းစာဖူလုံမှုမှာ (၈) လစာလောက်သာရှိပြီး၊ ဆင်းရဲသား (၁၀) အိမ်မှာ နေ့လုပ်နေ့စား၊ ကျပမ်းလုပ်ကိုင်စားသောက်ကြသူများဖြစ်ပြီး၊ ပိုင်ဆိုင်မှုများမှာ ဝါးအိမ်- ဝါးရွက်မိုး၊ ဝါးထရံကာအိမ်၊ တောင်ယာ၊ ဝက်၊ ကြက် အနည်းငယ်ပိုင်ဆိုင်ကြသည်။ ဝမ်းစာဖူလုံမှုမရှိ၍ တခြားရွာ နီးစပ်ရာ ကျေးရွာများသို့၊ အငှားလိုက်၊ ရာအလုပ် လုပ်ကိုင်စားသောက်ကြသည်။

ဝက်၊ ကြက်၊ တောင်ယာများ ဆင်းရဲ- ချမ်းသာ- အလယ်အလတ်- အားလုံးလိုလိုပင်လျှင် အနည်းအများ တပိုင်တနိုင် မိမိအိမ်သုံးအဖြစ်မွေးမြူကြသည်ဟုပင် သုံးသပ်ပါသည်။

ဒုရိုတောင်အုပ်စု/ဒုရိုတောင်ကျေးရွာ.

(ကျား+မ) ပင့်ကူအိမ်-



ကျား ———

မ - - - - - -

# ဒူရိတောင်ကျေးရွာ-ပင့်ကူအိမ် သုံးသပ်ချက်.

## (အမျိုးသား+ အမျိုးသမီး)

ဒူရိတောင်ကျေးရွာ၏ ပင့်ကူအိမ် ကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများထက် အမျိုးသားများမှာ ဝင်ငွေ ပိုပြီး ရရှိနေသော အမှတ်အသား ကိုတွေ့ရသည်။ ငွေ မှာ ပြင်ပခရီးသွားလာမှုမှာ အမျိုးသမီးများထက် အမျိုးသားများက ပိုမိုသွားရောက်နိုင်သောကြောင့် ဝင်ငွေ ပိုမိုများပြားသည် ဟုသုံးသပ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းမှာ အမျိုးသမီးနှင့် အမျိုးသားများ တန်းတူညီမျှမှု ရှိနေသည်ကိုတွေ့ရသည်။ ဦးဆောင်နိုင်မှုမှာ အမျိုးသားများက အိမ်ထောင်ဦးစီး အဖြစ် ဦးဆောင်ကြသာ ဖြစ်မည်ဟုသုံးသပ်ပါသည်။

ပညာရေးလက်လှမ်းမီမှုမှာ အမျိုးသမီးများထက် အမျိုးသားများက အားသာသည်။ အဘယ်ကြောင့်ဆိုမူကား အမျိုးသမီး ငယ်လေးများက အစောတ နေရာ သွားပြီး ပညာမသင်ကြားနိုင်ကြ ဖြစ်လိမ့်မည်ဟုသုံးသပ်ပါသည်။ အိမ်တွင်းမှုကိစ္စမှာ အမျိုးသမီးများက အမျိုးသားများထက် အားသာသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသားများက ပြင်ပ ခရီးသွားလာရ ရ၍ ဖြစ်မည်ဟုထင်မြင်မိသည်။ အမျိုးသမီးများမှာ မိသားစု ဝင် ကလေးငယ်များ ပြုစုခြင်း၊ သက်ကြီးရွယ်အို မိ/ဘ များအား ပြုစုစောင့်ရှောက်ရ၍ ပြည်ပခရီး/ ခရီးဝေးမသွားရောက်နိုင်ခြင်း ဖြစ်လိမ့်မည်ဟု သုံးသပ်ပါသည်။

ဥစ္စာပိုင်ဆိုင်မှုမှာ အမျိုးသားများသာ အမျိုးသမီးများထက်ပိုများနေသည်မှာ-ရှေးကရိုးရာဓလေ့ ထုံးတမ်းစဉ်လာ အရ မပျောက်ပျက်သေးဟုသုံးသပ်ပါသည်။ ဆုံးဖြတ်ချက်ချနိုင်မှုမှာ-အမျိုးသားများက ပိုများသည်ဟု အကျဉ်းအားဖြင့် ခြုံငုံသုံးသပ်ပါသည်။

# ဒူရိတောင်ကျေးရွာ / ရာသီခွင်ပြဇယား

| အကြောင်းအရာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| တောင်ယာစပါး | ခုတ် | ခုတ် | - | မီးရှို့ | ကောက်စိုက် | ပထမ ပေါင်းရှင်း | ဒုတိယ ပေါင်းရှင်း | တတိယ ပေါင်းရှင်း | ရိတ်သိမ်း | ရိတ်သိမ်း | ပေါင်းသယ် | - |
| နှမ်းခင်း | ခုတ် | ခုတ် | - | မီးရှို့ | - | ပထမ ပေါင်းရှင်း | ဒုတိယ ပေါင်းရှင်း စိုက် | ပေါင်းရှင်း | - | - | နှမ်းခုတ် | နှမ်းရိ |
| မွေးမြူရေး | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ကျပန်းအလုပ် | ခုတ် | ခုတ် | အငှားလိုက် | အငှားလိုက် | ကောက်စိုက် | ပေါင်းရှင်း | ပေါင်းရှင်း | ပေါင်းရှင်း | ရိတ်သိမ်း | ရိတ်သိမ်း | ပေါင်းသယ် နှမ်းခုတ် | နှမ်းရိ |
| ကျန်းမာရေး | နှာစေး ချောင်းဆိုး | နှာစေး ချောင်းဆိုး | - | ဝမ်းလျှော / ပျက် | ဝမ်းလျှော / ပျက် | ငှက်ဖျား | ငှက်ဖျား | - | - | - | အအေးမိ | - |
| ပွဲလမ်းသဘင် | နှစ်သစ်ကူး | မင်္ဂလာဆောင် | - | - | - | - | - | - | - | - | - | ခရစ္စမတ် |
| အလုပ်အားလပ်ချိန် | | | | | | | | | | | | |
| ဝင်ငွေ | □□□□ □□□ □ | □□□ □□ □ | □□□ | □□ | □ | □ | □ | □ | □□ □ | □□ □ | □□ □ □ | □□ □□ □ |
| ထွက်ငွေ | □□ | □ □□ | □ | □ | □ | □□ | □□ | □□ | □ | □ | □ | □ |

(ဒူရိတောင်ကျေးရွာ ရာသီဥတုမြေဩဇာ သုံးသပ်ချက်)

ဒူရိတောင်ဒေသရှိ ဒူရိတောင်ကျေးရွာ၏ ရာသီဥတု မြေဩဇာ အားကြည့်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အဓိက အသက်မွေး ဝမ်းကြောင်း လုပ်ငန်းမှာ၊ တောင်ယာမြေ၊ တောင်ယာနှမ်းခင်း၊ တို့ကို လုပ်ကိုင်စားသောက်ကြသည်ဟုတွေ့မြင်ရသည်။ မွေးမြူရေး မှာလုပ်ငန်း မှာ၊ စီးပွားဖြစ် မဟုတ်ပဲ မိမိတို့၏ ဟင်းအသုံးအဆောင် အဖြစ် တပိုင်တနိုင် မွေးမြူကြခြင်းဖြစ်သည်ဟုသုံးသပ်ပါသည်။


ကျပန်းလုပ်သားများမှာ မိသားစု စားဝတ်နေရေး အတွက် ရာသီအလိုက်အလုပ်ကို မအားလပ်ပဲ တခြားကျေးရွာ များသို့ သွားပြီး ရရာ အလုပ်ကို လုပ်ကိုင်စားသောက်ကြသည်။ ကျန်းမာရေး မှာ - ဒီဇင်ဘာ ဖေဖော်ဝါရီ လတို့တွင် နှာစေး၊ ချောင်းဆိုး ရောဂါများဖြစ်ပြီး၊ ဧပြီ၊ မေ လတို့တွင်မူ တခါတရံ ဝမ်းလျှော/ပျက် ဖြစ်လေ့ရှိသည်။ နှစ်သစ်ကူး ပွဲကို ဇန်နဝါရီ လ တွင် ကျင်းပပြုလုပ်ပြီး ခရစ္စမတ်ပွဲကို ဒီဇင်ဘာလ(၂၅)ရက် တွင်ကျင်းပပြုလုပ်ကြသည်။

ကျေးရွာသူ/သားများ၏ အလုပ်အားလပ်ချိန်မှာ - ဇန်နဝါ ရီလ - စတုတ္ထအပတ်၊ ဖေဖော်ဝါရီလ - နှင့် ဧပြီလ - ပထမအပတ်၊ ဒုတိယအပတ် များတွင် အားလပ်ချိန်ရှိသည်။ ဒူရိတောင် ကျေးရွာ၏ ပျမ်းမျှဝင်ငွေမှာ ထွက်ငွေ နှင့် ဝင်ငွေ ညီမျှမှု မရှိ ဟု အကျဉ်းအားဖြင့် ခြုံငုံသုံးသပ်ပါ သည်။



Generated by CamScanner from intsig.com

အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား ( မင်းကားချပ် )



## ဒူရိတောင်ကျေးရွာ အဖွဲ့အစည်း ချိတ်ဆက်မှုပြဇယား (မင်းကားချပ်) သုံးသပ်ချက်

ဒူရိတောင်ကျေးရွာ၏ အဖွဲ့အစည်းများ ချိတ်ဆက်မှုပြဇယားကို ကြည့်၍ မြင်တွေ့ရသည်မှာ- အုပ်ချုပ်ရေးအဖွဲ့၊ (ရပ်မိ/ဘ) ဘာသာရေးအဖွဲ့၊ မိခင်အဖွဲ့ (KEC)၊ ကျန်းမာရေးကော်မီတီ၊ လူငယ်အဖွဲ့၊ မိဘဆရာအသင်း၊ လူထုဗဟိုပြုစီမံကိန်း ကော်မတီ/ဆပ်ကော်မတီဝင် များဟူ၍ အဖွဲ့ (၈) ဖွဲ့ စုစည်းနေကြသည်။

ချိတ်ဆက်မှုများမှာ- အုပ်ချုပ်ရေး၊ (ရပ်မိ/ဘ) ဘာသာရေး လူထုဗဟိုပြုကော်မီတီဝင်/ဆပ်ကော်မတီဝင်၊ (မိခင် (KEC) အဖွဲ့များမှာ ချိတ်ဆက်မှုအားကောင်းသည်။ ကျန်းမာရေး အထောက်အကူပြုကော်မတီ၊ လူငယ်အဖွဲ့၊ မိ/ဘဆရာအသင်း၊ အဖွဲ့များသည် ချိတ်ဆက်နေကြသည်။ သို့သော်လည်း အုပ်ချုပ်ရေးအဖွဲ့ (ရပ်မိ/ဘ)၊ ဘာသာရေးအဖွဲ့၊ နှင့် လူထုဗဟိုပြုကော်မတီဝင်/ဆပ်ကော်မတီဝင်များ၊ (မိခင်အဖွဲ့-KEC) တို့မှာ ကြားခံ အာဏာ ရှိပြီး၊ အားကောင်းသည်ဟု သုံးသပ်ပါသည်။

ကျန်အဖွဲ့အစည်းများမှာလည်း အထက်ပါ အားကောင်းသော အဖွဲ့များနှင့်ပူးပေါင်းကာ လုပ်ငန်းများအား မိမိအဖွဲ့အစည်း၏ လုပ်ဆောင်ချက်တာဝန်များအား ညှိနှိုင်းဆောင်ရွက်လျှက်ရှိသည်ဟု အကျဉ်းအားဖြင့် သုံးသပ်ပါသည်။

Generated by CamScanner from intsig.com

ဒူရိတောင်ကျေးရွာ.ကော်မတီဝင်/ဆပ်ကော်မတီဝင်များစာရင်း

| ကော်မတီအမည် | အမည် | အသက် | | |
|---|---|---|---|---|
| ကျေးရွာစေတနာ့ဝန်ထမ်း | ဦးအောင်ဆန်းလင်း | ၂၁ | | |
| | ဒေါ်လွှန်းယက် | ၂၈ | | |
| စီမံကိန်းအထောက်အကူပြုကော်မတီ | ဦးအောင်ထွန်း(၁) | ၃၀ | | |
| | ဒေါ်မြသိန်းယဉ် | ၃၂ | | |
| ဝယ်ယူရေးဆပ်ကော်မတီ | ဦးနိုင်ကောင်း | ၂၄ | | |
| | ဒေါ်ကံဝင်း | ၂၁ | | |
| | ဒေါ်ဆိုးဟား | ၃၂ | | |
| စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဦးကံကျော် | ၃၃ | | |
| | ဒေါ်ကိုးဆွဲ | ၂၀ | | |
| | | | | |
| ပုပ်ပြင်နိုးလည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | ဦး | | | |
| | ဒေါ်ထွန်းယက် | ၃၈ | | |
| | ဦးအောင်ထွန်း(၂) | ၃၅ | | |
| ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကိုယ်စားလှယ် | ဦးဝေတင်ထင်း | ၆၃ | | |
| | ဒေါ်အောင်ဈော့ | ၃၄ | | |
| ကျေးရွာငွေစာရင်းကိုင် | ဦးအောင်မြဲကျော် | ၃၈ | | |
| ဘဏ္ဍာရေးဆပ်ကော်မတီ ၃၃၃၅ | ဦးကျော်လင်းထွန်း | ၂၅ | | |
| အုပ်စုစီ/တောက်အဖွဲ့ဝင်. | | | | |

Generated by CamScanner from intsig.com



ဒူရီတောင်ကျေးရွာ လူမှုဆန်းစစ်မှု အမျိုးသမီးများအုပ်စုဖွဲ့ ပင့်ကူအိမ်ရေးဆွဲနေစဉ်




ဒူရီတောင်ကျေးရွာ လူမှုဆန်းစစ်မှု လူထုအစည်းအဝေးမှတ်တမ်းဓါတ်ပုံ

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦးလင်းအောင် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် ဦး[illegible] |
| ပြည်နယ်/တိုင်းဒေသကြီး ချင်း | မြို့နယ် ပလက်ဝ | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) [illegible] | ၂၃ | ဘာသာ (၁) ခရစ်ယာန် | ၂၃ |
| လူမျိုးစု (၂) ဗမာ | ၂ | ဘာသာ (၂) ဗုဒ္ဓ | ၂ |
| လူမျိုးစု (၃) ချင်း | ၁ | ဘာသာ (၃) [illegible] | ၁ |
| | | | |
| လူမျိုးစုရေ ------------ | | ဘာသာရေ ---------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၁၅၃ | ၇၅ | ၇၈ |
| လူမျိုးစု (၁) [illegible] | ၇၄ | ၇၆ |
| လူမျိုးစု (၂) ဗမာ | ၁ | ၁ |
| လူမျိုးစု (၃) ချင်း | | ၁ |
| အခြား | | |
| အိမ်ထောင်ဦးစီး | | |



Generated by CamScanner from intsig.com

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ✓ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှု[illegible] | |
|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | [illegible] |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်------မသိ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

Generated by CamScanner from intsig.com

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) အုပ်ချုပ်ရေး (ရပ်မိ/ဘ)
(၂) အရန်မီးသတ်၊ အာရသာရော၊ မိခင်၊ လူထုဗဟိုပြုစီမံကိန်း၊ ကော်မတီ၊

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးလင်းအောင်

လက်မှတ် [signature] နေ့စွဲ ၁၄/၄/၂၀၁၈

လူထုစည်းရုံးရေးမှူး အမည် ဦးသူရရွှေ

လက်မှတ် [signature] နေ့စွဲ ၁၄/၄/၂၀၁၈

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ညှိနှိုင်းဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသူရရွှေ | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ချင်း | မြို့နယ် ပလက်ဝ | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၉/၄/၂၀၁၈ | ၉/၄/၂၀၁၈ | ၁၉ | ၁၁ | ၂၃ | ချင်း | ၃၀ | ၂၆ | ၈၈.၄၆ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၉/၄/၂၀၁၈ | ၉/၄/၂၀၁၈ | ၁၉ | ၁၁ | ၂၃ | ချင်း | ၃၀ | ၂၆ | ၈၈.၄၆ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၉/၄/၂၀၁၈ | ၉/၄/၂၀၁၈ | ၁၉ | ၁၁ | ၂၃ | ချင်း | ၃၀ | ၂၆ | ၈၈.၄၆ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

၂၄

Generated by CamScanner from intsig.com

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လွှဲထုတ်ဆွေးနွေးပွဲအစည်းအဝေး | | | | | | | | | |



Generated by CamScanner from intsig.com

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသျှုရွှေ | | | |
| နေ့စွဲ ၉ / ၄ / ၂၀၁၈ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ချင်း | မြို့နယ် ပလက်ဝ | ကျေးရွာအုပ်စု နူရိဗောင် | ကျေးရွာ နူရိဗော ၆ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကျေးရွာချင်းဆက်လမ်းသွားလာရေးအခက် | ၁ | ကျေးရွာချင်းဆက်လမ်းများတွင်တံတားများ မရှိသည့်အခက်အခဲ |
| ၂ | အခဲ | ၂ | ကျေးရွာချင်းဆက်မြေသားလမ်းသွားလာရေးအခက် |
| ၃ | ကျေးရွာချင်းဆက်လမ်းများတွင်တံတား များမရှိသည့်အခက်အခဲ | ၃ | |
| ၄ | | ၄ | |
| ၅ | | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျေးရွာချင်းဆက်မြေသားလမ်းဖောက် လုပ်နိုင်ရမည်။ | ၁ | ကျေးရွာချင်းဆက်လမ်းများတွင်တံတားများဆောက် လုပ်နိုင်ရမည်။ |
| ၂ | ရွာချင်းဆက်လမ်းများတွင်တံတားဆောက် | ၂ | ကျေးရွာချင်းဆက်မြေသားလမ်းတူးဖောက်လုပ်နိုင် ရမည်။ |
| ၃ | လုပ်နိုင်ရမည်။ | ၃ | |
| ၄ | | ၄ | |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာချင်းဆက် မြေသားလမ်း | အမျိုးသား + အမျိုးသမီး | ၈,၀၀၀,၀၀၀/ | ၁၅၃ |
| | ဖောက်လုပ်ခြင်းလုပ်ငန်း။ | | | |
| ၂ | ရွာချင်းဆက်လမ်းများတွင် | အမျိုးသား+အမျိုးသမီး | ၁၁,၀၀၀,၀၀၀/ | ၁၅၃ |
| | တံတားများဆောက်လုပ်ခြင်း | | | |
| | လုပ်ငန်း။ | | | |
| | | | | |

ပုံစံ - ၁ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး ဤအသုံးပြုပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုမှ မူလစာရွက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး သူရရှေ့ |
| နေ့စွဲ ၉/၄/၂၀၁၈ \| စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ချင်း \| မြို့နယ် ပလက်ဝ \| ကျေးရွာအုပ်စု ဒူရီတောင် |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဒူရီတောင် | ရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ခြင်း | ၄x၁၅၂၀၀/ | ၁၅၃ | ☐ ကျား ☐ မ ☑ ကျား + မ | ၈၀၀၀,၀၀၀/ | | - | | ၈၀၀၀၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | - | | |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | - | | |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | - | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးအောင်သိန်း

ဒေါ် မြင့်မြင့်ဦး [signature] ၁၀/၄/၂၀၁၈

၂၈

Generated by CamScanner from intsig.com

# ဒူရီတောင်ကျေးရွာအုပ်စု၊ ဒူရီတောင်ကျေးရွာ

## အစည်းအဝေးမှတ်တမ်း

ရက်စွဲ - ၂၀၁၈ - ခုနှစ် ဧပြီလ (၉) ရက်

အချိန် - နံနက် (၀၈း၀၀) နာရီ

နေရာ - ရွာလယ်ဇရပ်

အစည်းအဝေးတက်ရောက်သူ ကျား (၁၉) မ (၁၁) ပေါင်း (၃၀)

အကြောင်းအရာ။ "တတိယနှစ်ပထမအကြိမ်ကျေးရွာမိတ်ဆက်အစည်းအဝေး"

တတိယနှစ်ပထမအကြိမ် ကျေးရွာစီမံကိန်း မိတ်ဆက် အစည်းအဝေးကို (၉/၄/၂၀၁၈) နေ့နံနက် (၀၈း၀၀) နာရီအချိန်တွင် ရွာလယ်ဇရပ်၌ကျင်းပပြုလုပ်ခဲ့ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး မှ အဖွင့်အမှာစကား ပြောဖွင့်ပေးခဲ့ပါသည်။ ပြီးနောက် အစည်းအဝေး အစီအစဉ်အတိုင်း တာဝန်ကျ လူထုစည်းရုံးရေးမှူး မှ (တတိယ) နှစ် ပထမအကြိမ် ကျေးစီမံကိန်း မိတ်ဆက်၊ ရည်ရွယ်ချက်၊ စီမံကိန်းစက်ဝန်း၊ စီမံကိန်းပါဝင်သောအဓိကအစိတ်အပိုင်းများ၊ ရန်ပုံငွေစီးဆင်းပုံ များကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့သည်။

ဆွေးနွေးချက်။ "လူထုစည်းရုံးရေးမှူး ဦးအောင်ကော - ကျေးရွာ လူထုများအား (၂၀၁၇) ခုနှစ် ဒုတိယနှစ်စက်ဝန်းတွင်တာဝန်ထမ်းဆောင်ခဲ့သော ကျေးရွာကော်မတီဝင်/ဆပ်ကော်မတီဝင်များ အား လဲလှယ်လိုက လဲလှယ်၍ရကြောင်း ပြောကြားရှင်းလင်းရာ၌ ကျေးရွာသူ/သားများ၏ သဘောဆန္ဒအရ ယခင်နှစ်မှတာဝန်ထမ်းဆောင်သော ကော်မတီ/ဆပ်ကော်မတီဝင်များ အား လဲလှယ်စရာမလိုပါဟုပြောကြားခြင်းကြောင့် ကော်မတီဝင်/ဆပ်ကော်မတီဝင် အား မလဲလှယ်ပဲ အစည်းအဝေးကို နေ့လည် (၁၂း၀၀) နာရီအချိန်တွင် ကျေးဇူးတင်စကား ပြောကြားကာ ရုပ်နားခဲ့ပါသည်။

## ဒူရိတောင်ကျေးရွာ

(အစည်းအဝေးမှတ်တမ်း)

ရက်စွဲ - ၂၀၁၈ ခုနှစ် ဧပြီလ (၉) ရက်

အချိန် - ညနေ (၀၁း၃၀) နာရီ

အစည်းအဝေးတက်ရောက်သူ - ကျား(၁၉)မ(၁၁) ပေါင်း(၃၀)

အကြောင်းအရာ။ " ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစည်းအဝေး

အစည်းအဝေးကို (၉/၄/၂၀၁၈) နေ့ ညနေ (၀၁း၃၀) နာရီအချိန်တွင် ပြန်လည်စတင်ပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးချက်။ " အစီအစဉ်အရ တာဝန်ကျ လူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာများ တို့၏ အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရေးဆွဲခြင်းအစီအစဉ် (PRA) များပြုလုပ်ခဲ့ပါသည်။ အစီအစဉ်အတိုင်း၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့ - သီးခြားစီခွဲကာ အမျိုးသားအဖွဲ့မှတင်ပြသော အခက်အခဲအတားအဆီးများ၊ အမျိုးသမီးအဖွဲ့မှတင်ပြသော အခက်အခဲအတားအဆီးများ၊ ဖြေရှင်းချက်များ၊ ဦးစားပေးလုပ်ငန်းများအား တူညီသော လုပ်ငန်းများ မဲနှစ်ဖြင့် (အမျိုးသား+အမျိုးသမီး) မဲပေးကြပြီး ပထမဦးစားပေးလုပ်ငန်း - ဒုတိယဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ပြီး အဆင့်အလိုက် ဆွေးနွေးလုပ်ဆောင်ခဲ့သည်။

လုပ်ဆောင်ချက်။ " လူထုစည်းရုံးရေးမှူး မှ ကော်မတီဝင်များ၊ပွဲ သုံးရန် မရှိသည့်အတွက်ကြောင့် ကျေးရွာသားများ သဘောဆန္ဒအတိုင်း ကော်မတီဝင်/ဆပ်ကော်မတီဝင် အဖောင်း ကိုပြုပြင်ပြောင်းတာဝန်လဲ ပြီး ခွေတွဲရပ်နားခဲ့သည်။ ပြီးနောက် ဒေါ်ဂါကြာလှိုင် ကျေးရွာဥက္ကဋ္ဌ အစည်းအဝေး ပြန်လည်ဆုံတွေ့ မည်ဟု မှာကြား၊ ပြောကြား ~~[illegible]~~ ကာရပ်နားခဲ့သည်။

## ဒူရိတောင်ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်

(အစည်းအဝေးမှတ်တမ်း)

ရက်စွဲ - ၂၀၁၈ - ခုနှစ် ဧပြီလ (၉) ရက်

အချိန် ၊ ညနေ - (၀၄:၀၀) နာရီ

နေရာ - ရွာလယ်ဇရပ်

အစည်းအဝေးတက်ရောက်သူ - ကျား (၁၉) မ (၁၁) ပေါင်း (၃၀)

အကြောင်းအရာ ။ ။ ကျေးရွာအုပ်စု လုပ်ငန်းခွဲ ဆုံးဖြတ်ချက်ချသည့်အစည်းအဝေး ။

ကျေးရွာအုပ်စု လုပ်ငန်းခွဲ ဆုံးဖြတ်ချက် ချသည့် အစည်းအဝေးကို - ဒူရိတောင်ကျေးရွာရွာလယ်ဇရပ်တွင် - (၉/၄/၂၀၁၈) ခုနှစ် ဧပြီလ (၉) ရက်နေ့ ညနေ (၀၄:၀၀) နာရီအချိန်တွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ အမှာ (၁) အုပ်စုဖွဲ့၍ ကျေးရွာသားများနှင့် ကော်မတီဝင် / ဆပ်ကော်မတီဝင်အားလုံး ကပင် ပထမဦးစားပေး လုပ်ငန်းခွဲများအား ရွေးချယ်ကာ ရန်ပုံငွေ [illegible] မှန်းကြေ ကုန်ကျစရိတ်များ [illegible] မှန်းကာ ပါဝင်စည်းရုံး ရေးမှူး မှ ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို အောင်မြင်စွာဖြင့် ရုပ်သိမ်းခဲ့ပါသည်။

(ဦးရီတောင်ကျေးရွာ)

အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ

| စဉ် | အခက်အခဲ အတားအဆီးများ |
|---|---|
| ၁ | ကျေးရွာချင်းဆက် လမ်းသွားလာရ အခက်အခဲ |
| ၂ | ကျေးရွာချင်းဆက် လူသွားလမ်းများတွင် တံတားမရှိသည့် အခက်အခဲ |
| | |

အမျိုးသမီးအဖွဲ့မှ တင်ပြဆွေးနွေးသော အခက်အခဲ အတားအဆီးများ

| စဉ် | အခက်အခဲ အတားအဆီးများ |
|---|---|
| ၁ | ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ရန် ရံပုံငွေမရှိသည့် အခက်အခဲ |
| ၂ | ကျေးရွာချင်းဆက် လူသွားလမ်းတွင် တံတားမရှိသည့် အခက်အခဲ |
| | |



Generated by CamScanner from intsig.com

# ဒူရီတောင်ကျေးရွာ

(အမျိုးသားအဖွဲ့မှတင်ပြသော မျှော်မှန်းချက်များ)

| အစဉ် | မျှော်မှန်းချက် |
|---|---|
| ၁ | ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်နိုင်ရမည်။ |
| ၂ | ကျေးရွာ ချင်းဆက်လမ်းများတွင် တံတားများ ဆောက်လုပ်နိုင်ရမည် |
| | |

(အမျိုးသမီးအဖွဲ့မှတင်ပြသော မျှော်မှန်းချက်များ)

| အစဉ် | မျှော်မှန်းချက် |
|---|---|
| ၁ | ကျေးရွာချင်းဆက် မြေသားလမ်းတူး ဖော်ဖောက်လုပ်နိုင်ရမည်။ |
| ၂ | ကျေးရွာချင်းဆက်လမ်းတွင် တံတားများ ဆောက်လုပ်နိုင်ရမည်။ |
| | |



Generated by CamScanner from intsig.com

Generated by CamScanner from intsig.com

# ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်

| အဆင့် | ကျေးရွာအတွက် ဦးစားပေးလုပ်ငန်းစဉ်များ | အဆိုပြုသူ | ခန့်မှန်းကုန်ကျစရိတ် | တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ |
|---|---|---|---|---|
| ၁ | ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း | အမျိုးသား+ အမျိုးသမီး | ၈,၀၀၀,၀၀၀/ | ၁၅၃ |
| ၂ | ကျေးရွာချင်းဆက်လမ်းတွင်တံတားများဆောက်လုပ်ခြင်းလုပ်ငန်း | အမျိုးသား+ အမျိုးသမီး | ၁၁,၀၀၀,၀၀၀/ | ၁၅၃ |
| | | | | |